**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ဝန်ကြီးရုံး)**
**ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်အဖြစ် သတ်မှတ်ခြင်း**
**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉**
**နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)**

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချို မြို့နယ်၊ ဟိုခိုကျေးရွာအနီးရှိ သမိုင်းဝင်ဆရာစံသဘာဝထုံးကျောက်ဂူအား ယဉ်ကျေးမှုအမွေ အနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် (Ancient Monumental Zone) အဖြစ် အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) မြောက်သို့လားသော် ဂူအမှတ် (၁) ဝင်ပေါက်မှ (၉၄၀) ပေအကွာ တောင်ယာသွားလမ်း မြောက်ဘက်အနီး GPS Position Point MZ-1 N 22° 24’ 56.5" E 96° 30’ 59.7" အထိလည်းကောင်း (GPS Position Point MZ-7 မှ အရှေ့မြောက်ဘက် ၇၉၅ ပေအကွာအထိ)

(ခ) အရှေ့မြောက်သို့လားသော် ဂူအမှတ် (၁) ဝင်ပေါက်မှ (၇၆၁) ပေအကွာ တောင်ယာသွား လမ်းနံဘေး GPS Position Point MZ-2 N 22° 24’ 53.9" E 96° 31’ 3.7" အထိလည်းကောင်း (GPS Position Point MZ-1 မှ အရှေ့တောင်ဘက် ၄၅၇ ပေအကွာအထိ)

(ဂ) အရှေ့ဘက်သို့လားသော် ဂူအမှတ် (၁) ဝင်ပေါက်မှ (၄၆၁) ပေအကွာ တောင်ယာသွား လမ်းနံဘေး GPS Position Point MZ-3 N 22° 24’ 46.9" E 96° 31’ 4.7" အထိလည်းကောင်း (GPS Position Point MZ-2 မှ တောင်ဘက် ၇၁၀ ပေအကွာအထိ)

(ဃ) တောင်ဘက်သို့လားသော် ဂူအမှတ် (၁) ဝင်ပေါက်မှ (၄၂၃) ပေအကွာ ယာခင်းအစပ် GPS Position Point MZ-4 N 22° 24’ 42.9" E 96° 31’ 0.2" အထိလည်းကောင်း (GPS Position Point MZ-3 မှ အနောက်တောင်ဘက် ၅၅၃ ပေအကွာအထိ)

(င) အနောက်တောင်သို့လားသော် ဂူအမှတ် (၁) ဝင်ပေါက်မှ (၁၃၂၀) ပေအကွာ တောင်ယာသွားလမ်းအနောက်ဘက်ကပ်လျက် GPS Position Point MZ-5 N 22° 24’ 40" E 96° 30’ 48.2" အထိလည်းကောင်း (GPS Position Point MZ-4 မှ အနောက်တောင်ဘက် ၁၁၆၂ ပေအကွာအထိ)

(စ) အနောက်သို့လားသော် ဂူအမှတ် (၁) ဝင်ပေါက်မှ (၁၃၄၇) ပေအကွာ ယာခင်းအတွင်း GPS Position Point MZ-6 N 22° 24’ 45.1" E 96° 30’ 48.8" အထိလည်းကောင်း (GPS Position Point MZ-5 မှ အနောက်မြောက်ဘက် ၅၅၈ ပေအကွာအထိ)

(ဆ) အနောက်မြောက်သို့လားသော် ဂူအမှတ် (၁) ဝင်ပေါက်မှ (၈၀၃) ပေအကွာ ယာခင်းအတွင်း GPS Position Point MZ-7 N 22° 24’ 51.7" E 96° 30’ 52.9" အထိလည်းကောင်း (GPS Position Point MZ-6 မှ အရှေ့မြောက်ဘက် ၉၄၆ ပေအကွာအထိ)

၂။ အထက်ဖော်ပြပါ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက် ဧရိယာစုစုပေါင်း (၄၀) ဧကခန့်သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အမှုတွဲအမှတ်၊ ၂/ ၃-၁၁/ ယဉ်ကျေးမှု (၅၇၆၈) ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင်ပါရှိသည့် မြေပုံနှင့် စာရင်းဇယားများပါ အသေးစိတ်ဖော်ပြချက်အတိုင်း ဖြစ်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။